ပြင်ဆင်ချက် ၂၀၂၁



EAST-WEST SEED FOUNDATION

**KNOWLEDGE TRANSFER**



MYANMAR

## သီးနှံစိုက်ပျိုးမှုလမ်းညွှန်

# ပဲတီစိမ်း

## ● မြေပြုပြင်ခြင်း-စိုက်ဘောင်ပြုလုပ်ခြင်း

» (၀.၁) ဧကတွင် ပုလဲ(၆၀)ကျပ်သား၊ တီစူပါ ၁ ပိဿာ ၆၀ ကျပ်သားနှင့် ပိုတက် ၁ ပိဿာ ၆၀ ကျပ်သား တို့ကိုရောမွှေကာ မြေကြီးထဲသို့ထည့်၍ကောင်းစွာထွန်ယက်ပါ။


» တစ်ဧကအပင်ဦးရေ ၈၀၀၀၀ - ၁၄၀၀၀၀ (ဆောင်းရာသီ စိုက်ဒေသ) နှင့် ၁၆၀၀၀၀ (ရေသွင်း စိုက်ဒေသ)




## ● စိုက်ပျိုးခြင်း



» ၁ ကျင်း ၁ စေ့ စိုက်ပါ
» လိုအပ်ပါက ၁၅ ရက်အတွင်း အပင်ပြန်ဖာစိုက်ပေးပါ။
» မြစ်ဖုများဖွံ့ဖြိုးစေရန် (၀.၁)ဧကအတွက် မျိုးစေ့(၁ ကီလို) ၆၀ ကျပ်သားခန့်ကို ရိုင်ဇိုဘီယမ် (၄) ဇွန်း နှင့်ရောသမပြီး စိုက်ပါ။




## ● အစိုဓာတ်နည်းပါက ရေသွင်းပေးပါ။ ပေါင်း ရှင်းပေးပါ။




## ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှု



» အင်းဆက်ပိုးမွှားများကျရောက်မှုကို စစ်ဆေးထောက်လှမ်းရန်နှင့် အစုလိုက်အပုံလိုက်ဖမ်းရန် စေးကပ် ထောင်ချောက်များအသုံးပြုပါ။





ရောဂါပျံ့ပွားခြင်းမှကာကွယ်ရန် ကွင်းထဲရှိရောဂါရှိသောအပင်များ၊ သီးနှံပင်ဟောင်းများနှင့် ပေါင်းမြက်များကိုဖယ်ရှား၍ ဖျက်ဆီးပါ။



သီးလှည့်စိုက်ပျိုးခြင်းအားဖြင့် ရောဂါပိုးမွှားများစုပုံကျရောက်ခြင်းကိုတားဆီးရုံမျှမက မြေဆီသြဇာကိုလည်း ထက်သန်စေသည်။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှုနှင့် ပိုးသတ်ဆေးများကိုဘေးကင်းလုံခြုံစွာ အသုံးပြုခြင်း

» ခံနိုင်ရည်ရှိမှု အန္တရာယ်မှကာကွယ်ရန် ပိုးသတ်ဆေးအုပ်စုများကိုအလှည့်ကျသုံးစွဲပါ။

» ပိုးသတ်ဆေးအညွှန်းများကိုသေချာစွာ ဖတ်ရှု၍အညွှန်းပါအတိုင်း အသုံးပြုပါ။ (သတ်မှတ်ထားသောသီးနှံ နှင့် ပိုးမွှားရောဂါ)

## ကျရောက်နိုင်သော ပိုးမွှားများ


လေး


ယင်ဖြူ


ပျ


သီးတောင့်ထိုးပိုး

| ဆေးအစစ် | ဆေးအာနိသင် | ပြုမူဆောင်ရွက်ပုံ | လေး | ယင်ဖြူ | ပျ | သီးတောင့်ထိုးပိုး |
|---|---|---|---|---|---|---|
| လမ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin) | 3A | SC | ✔ | ✔ | ✔ | ✔ |
| ဒိုင်နိုတီဖြူရမ် (Dinotefuran) | 4A | S | ✔ | ✔ | ✔ | |
| စပိုင်နိုစက် (Spinosad) | 5 | S | | | | ✔ |
| စပိုင်နီတိုရမ် (Spinetoram) | 5 | SC | | | | ✔ |
| အဘာမက်တင် (Abamectin) | 6 | Slight S(အနည်းငယ်သော ပင်လုံးပြန့် အာနိသင်) | ✔ | | | ✔ |
| သိုင်အိုဆိုင်ကလမ်အောက်ဆဲလ်လိတ် (Thiocyclam oxalate) | 14 | SC | ✔ | ✔ | ✔ | |
| ကလိုရိုထရမ်နေလီပရိုးလ်(Chlorantraniliprole) | 28 | S | | | | ✔ |
| ဖလူဘမ်ဒိုင်ယာမိုက် (Flubendiamide) | 28 | S | | | | ✔ |
| ဘက်စီးလပ် သူရိဂျိအန်းစစ် (Bacillus thuringiensis) | 11A | C | | | | ✔ |
| အဇာဒီရာခ်ိင်တင်(တမာစစ်ထုတ်ရည်) (Azadirachtin (neem extract)) | UN | မသိနိုင်သော | ✔ | ✔ | ✔ | ✔ |

*IRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *SC* (စားသေ+ ထိသေ)၊ *S* (ပင်လုံးပြန့်ပိုးသတ်ဆေး)

## ကျရောက်နိုင်သော ရောဂါများ


ရွက်ပြောက်ရောဂါ


ဖားဥမှိုရောဂါ


သံချေးရောဂါ


အဝါရောင်မိုစိတ်ဗိုင်းရပ်စ်ရောဂါ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမူဆောင်ရွက်ပုံ | မှတ်ချက် | ရွက်ပြောက်ရောဂါ | ဖားဥမှိုရောဂါ | သံချေးရောဂါ | အဝါရောင်မိုစိတ်ဗိုင်းရပ်စ်ရောဂါ |
|---|---|---|---|---|---|---|---|
| ကော့ပါးအခြေခံ မှိုသတ်ဆေးများ (Copper-based Fungicides) | M 01 | P | | ✔ | ✔ | ✔ | ရောဂါကင်းသောမျိုးပင်များ(သို့) ခံနိုင်ရည်ရှိသောမျိုးများကို အသုံးပြုပါ။ |
| ကလိုရိုသာရိုနေးလ် (Chlorothalonil) | M 05 | P | | ✔ | ✔ | ✔ | |
| မန်ကိုဇပ် (Mancozeb) | M 03 | P | | ✔ | ✔ | ✔ | |
| အဇိုဇီစထရိုဘင် (Azoxystrobin) | 11 | P + C | သီးနှံသက်တမ်းတလျှောက် အများဆုံး ၄ ကြိမ်သာ | ✔ | ✔ | ✔ | ယင်ဖြူကို ကောင်းမွန်စွာ စီမံခန့်ခွဲပါ။ |
| ဘက်စီးလပ် ဆပ်တီးလစ် (Bacillus subtilis) | BM02 | P | | ✔ | ✔ | | |

*FRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *P* = ကာကွယ်ဆေး(သီးနှံပင်ပေါ်၌ ရောဂါ လက္ခဏာမဖြစ်ပေါ် မီသာလျှင် အကျိုးသက်ရောက်မှုရှိသည်)၊ *C* = ကုသဆေး

1



အကာအကွယ်ပစ္စည်းများဝတ်ဆင်သုံးစွဲပါ။

2



ရာသီဥတုကောင်းမွန်သောအချိန်တွင် ဆေးဖျန်းပါ။

3



ကောင်းမွန်သောဆေးဖျန်းခေါင်းကို အသုံးပြုပါ။

4



ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။

EAST-WEST SEED FOUNDATION

KNOWLEDGE TRANSFER

**https://growhow.eastwestseed.com**

*East West Seed Foundation* ၏ ၂၀၂၁ မူပိုင်ခွင့်။

စိုက်ပျိုးရေးသုံးဆာတုပိုးသတ်ဆေး အကြံပြုချက်များကို Wageningen University & Research နှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။

WAGENINGEN UNIVERSITY & RESEARCH